
ဝန်ရင်း
Read on the move
ဇေယန
(ရာမည)
အောင်မြတ်သာနှင့်
ဧရပူရမြို့ဟောင်း

ကျွန်တော်တို့ ရွှေတိဂုံဘုရားကနေ ထွက်လာခဲ့ပြီး ကရင်ပြည်နယ်ဘက်ကို ခရီးဆက်ခဲ့ကြတယ်။ လက်နက်ကိုင် အဖွဲ့အစည်းတွေပေါများတဲ့ ဒေသဖြစ်လို့ လမ်းခရီးမှာ စစ်ဆေး မေးမြန်းတာတွေလည်း ကြုံခဲ့ကြရတယ်။

ကရင်မလေး နန်းအဲပွာပြောတဲ့ ၃၃ဆူစေတီကို မေးမြန်းရင်း ထွက်လာခဲ့တာ အခုဆို ၃ရက်တိတိ ပြည့်ခဲ့ပြီ လမ်းခရီးမှာ သေနတ်နဲ့ ချိန်ခံထိတာက အခါခါ ယောဂီဝတ်စုံနဲ့ သူတွေ ဆိုပေမဲ့ အမှောင်နယ်မြေ ဆိုတော့ အစိုးရဘက်က သူလျှိုလို့ ထင်ပြီး ဖမ်းဆီးတာတွေလည်း ရှိခဲ့တယ်။

၃၃ဆူစေတီကို သွားတဲ့ လမ်းမှာ ပဲ အစိုးရစစ်တပ်က လူတွေဆိုပြီး ကျွန်တော်တို့ ကို လက်ပြန်ကြိုး တုပ်ပြီး ဖမ်းခဲ့ကြသေးတယ်။

ဖြပေလောက် နက်တဲ့ တွင်းနှုတ်ခမ်းမှာ ငုတ်တုတ်ပေးထိုင်ပြီး နောက်စေ့ကို သေနတ်နဲ့ ချိန်တာလည်း ခံခဲ့ရတယ် ပစ်ခါနီးမှာ မှ ဆွမ်းခံကြွလာတဲ့ ဆရာတော် တစ်ပါးရဲ့ မေတ္တာရပ်ခံမှုကြောင့် လွတ်မြောက်ခဲ့ကြတယ်။

ဆရာကတော့ သူတစ်ပါးသတ်လို့ သေမယ့်ကံ မပါလာရင် သိကြားမင်း လာသတ်ရင်တောင် မသေဘူးလို့ ပြောတယ်။

တချို့နေရာတွေမှာ တော့ အမေးအမြန်းမရှိပဲ ကျွန်တော်တို့ ကို သေနတ်နဲ့ ပစ်တာလည်း ကြုံခဲ့ကြရတယ်။

ထူးဆန်းတာက သေနတ်နဲ့ ဘယ်လောက်ပစ်ပစ် ကျည်မထွက်တာပဲ နောက်ဆုံး လက်နက်ကိုင်တွေ ကိုယ်တိုင် တလေးတစားနဲ့ လာတောင်းပန်ကြတယ်။

ကျွန်တော်တို့ ကို ဘယ်သွားမလဲ ဘာလုပ်လဲ မေးတော့ ကျွန်တော်တို့ ရဲ့ လုပ်ငန်းစဉ်တွေကို ပြောပြဖြစ်ခဲ့တယ်။ နယ်လှည့် ပယောဂကုတဲ့ ဆရာတွေလို့ ပြောတော့ တကယ် ဟုတ်မဟုတ် စမ်းသပ်တာလည်း ကြုံခဲ့ကြတယ်။

ဘယ်လိုစမ်းလဲ ဆိုတော့ ကျွန်တော်တို့ ကို မြေစိုက်တဲ တစ်လုံးထဲကို ခေါ်သွားပြီး ဟင်းပွဲတွေ အစုံအလင်နဲ့ ထမင်း စားခိုင်းတာပဲ။

ရုတ်တရက် ကြည့်လိုက်တာ ဟင်းတွေက စုံနေတာပဲ ... ဟင်းနံ့တွေက အရမ်းကို မွှေးကြိုင်လွန်းလို့ ဆာနေတဲ့ ဗိုက်ထဲက အော်သံကိုတောင် အတိုင်းသား ကြားနေရတယ်။

ကျွန်တော်တို့ လည်း ဆရာ အခြေအနေကို စောင့်ကြည့်ပြီး ဆာနေတဲ့ ဗိုက်ကို လက်နဲ့ ပွတ်နေမိတယ်။

ဆရာက ဟင်းပွဲတွေ အရှေ့မှာ ရပ်ပြီး တစ်ချက် ပြုံးလိုက်တာကို ကျွန်တော် မြင်လိုက်ရတယ် ဆရာက တော်ရုံမပြုံးဘူး။

သူ ပြုံးပြီဆိုရင်လည်း အကြောင်းတစ်ခုခု ရှိမယ်ဆိုတာ အလိုလို ခံစားမိနေတယ်။

ဆရာက ကျွန်တော့်ကို ကြည့်ပြီး "သက်ခိုင် မင်း ဗိုက်ဆာနေတာလား" လို့ မေးတော့ ကျွန်တော်က "ဟုတ်ကဲ့" လို့ ပြန်ဖြေလိုက်တယ်။

ကျွန်တော် စကားဆုံးတော့ ဆရာက ဟင်းပွဲတွေ အပေါ်ကနေ လက်နဲ့ သပ်လိုက်တယ် ဆိုရင်ပဲ ခုနက မွှေးကြိုင်နေတဲ့ ဟင်းပွဲတွေက

နွားချေးတွေ၊ ကောက်ရိုးခြောက်တွေ ဖြစ်သွားတာ မြင်လိုက်ရတယ်။

ဆရာအစွမ်းကို မြင်လိုက်ရတဲ့ လက်နက်ကိုင်တွေက ချက်ချင်းဆိုသလို ဟင်းပွဲအစစ်တွေ ပြင်ပြီး

ကျွန်တော်တို့ ကို ကျွေးမွေးပါလေရော။

အဲဒီတော့မှ ဆရာက စားလို့ ရတယ် ပြောပြီး ဝင်စားတယ်။

ထမင်းစားပြီးတော့ ညအိပ်ပြီး မနက်ကျတော့ ၃၃ဆူစေတီရှိရာကို သူတို့ ကိုယ်တိုင် လိုက်ပို့ပေးကြတယ်။

၃၃ဆူစေတီ ပရဝဏ်အနား ရောက်တော့ ရွှေတိဂုံစေတီမှာ ရခဲ့တဲ့ အမွှေးနံ့က နှာခေါင်းထဲကိုစူးပြီးဝင်လာခဲ့တယ်

ကျွန်တော်တို့ လည်း အမွှေးနံ့လာရာကို လိုက်ကြည့်တော့ စေတီရဲ့ အောက်ခြေ အနားမှာ ရပ်ပြီး စောင့်နေတဲ့ နန်းအဲဟွာကို မြင်လိုက်ရတယ်။

အရမ်းကိုလှပပြီး နန်းဆန်လွန်းတဲ့ သူ့အလှကို သာမန်သူတွေ မြင်လိုက်ရရင် တမ်းတမ်းစွဲ ဖြစ်သွားမှာ သေချာတယ် သူက ဆရာကိုတွေ့တော့ အရိုအသေပေးပြီး သူ့အနောက်က လိုက်ခဲ့ဖို့ ပြောတယ်။

ကျွန်တော်တို့ အနောက်က လိုက်သွားတော့ စေတီရဲ့ အနောက်ဘက် ကမူလေးရဲ့ ဘေးမှာ ရွှေချထားတဲ့ ကျွန်းတံခါး နှစ်ချပ်ကို မြင်လိုက်ရတယ်။

ကျွန်းတံခါး အရှေ့ကို ရောက်တော့ သူမရဲ့ လက်ကို လေထဲ ညင်သာစွာ မြှောက်လိုက်တယ်။

လက်အကျမှာ တော့ ရွှေချထားတဲ့ ကျွန်းတံခါးနှစ်ချပ်က ရုတ်တရ

က်ဆိုသလို ပွင့်သွားပြီး အထဲကနေ ကရင်ဝတ်စုံ ဝတ်ထားတဲ့ လူလတ်ပိုင်း ယောကျ်ားလေး နှစ်ယောက် ထွက်လာခဲ့တယ်။

ထွက်လာတဲ့ သူ နှစ်ယောက်က နန်းအဲဟွာကို မြင်တော့ အရိုအသေပေးပြီး ကျွန်တော်တို့ ကို အထဲကို ခေါ်သွားတယ်။

အထဲကိုရောက်တော့ ခမ်းနားလှတဲ့ ရှေးခေတ် အပြင်အဆင်တွေကို ရင်သပ်ရှုမောဖွယ် မြင်တွေ့လိုက်ရတယ်။ အရာဝတ္ထု ပစ္စည်းမှန်သမျှကို ရွှေအစစ် ချထားတာကိုလည်း မြင်တွေ့လိုက်ရတယ်။

ကျွန်တော်တို့ လည်း မြင်တွေ့သမျှကို အထူးအဆန်း အနေနဲ့ လိုက်ကြည့်နေတုန်း နန်းအဲဟွာက

"အရှေ့မှာ ကျောက်တံခါး နှစ်ချပ် ရှိသေးတယ် အဲဒီ ကျောက်တံခါး ထဲမှာ ရဟန္တာ ၃၃ဆူရဲ့ ခန္ဓာကိုယ် အလေးချိန်နဲ့ ညီမျှတဲ့ ရတနာပစ္စည်း တွေကို ဌာပနာ ထားတယ်။ ဒီကျောက်တံခါးချပ်တွေက ဌာပနာတိုက်နဲ့ ချိတ်ဆက် ထားတယ်လို့ လည်း ပြောလို့ ရတယ် အထဲမှာ ဌာပနာထားတဲ့ ရတနာတွေကိုတော့ ဆရာတို့ ကိုယ်တိုင် ကြည့်လိုက်ပါ" လို့ ပြောပြီး ကျောက်တံခါး နှစ်ချပ်ရဲ့ အလယ်က သော့ပေါက်လေးထဲကို ပတ္တမြား လုံးလေးတွေ စီထားတဲ့ ရွှေသော့လေးကို ထည့်လိုက်တယ်။

ရွှေသော့လေး အထဲကို ဝင်သွားတာနဲ့ တစ်ပြိုင်နက် ကျောက်တံခါး နှစ်ချပ်က

"ဝုန်း"ဆိုတဲ့ အသံနဲ့ အတူ ပွင့်ထွက် သွားတယ်။

ကျောက်တံခါး ပွင့်သွားတော့ အထဲကနေ မျက်လုံးကျိန်းမတတ် အလင်းရောင်တွေက ဖြာထွက် လာခဲ့တယ်။

အထဲကို ဝင်ကြည့်လိုက်တော့ လူတစ်ယောက်ရဲ့ ခါးလယ်လောက်

အမြင့်ရှိတဲ့ ရတနာ ပစ္စည်းတွေကို အပုံလိုက် စုပုံထားတာကိုလည်း မြင်လိုက်ရတယ်။

ရတနာပစ္စည်း အပုံတွေကို ရေတွက်ကြည့်တော့ အပုံပေါင်း ၃၂ပုံရှိနေတာကို တွေ့လိုက်ရတယ် နောက်ဆုံး နေရာမှာ တော့ ရာဇမတ်ကွက်ရိုက်ပြီး နေရာလွတ်တစ်ခုကို ချန်ထားတာကိုလည်း ထူးဆန်းစွာ မြင်လိုက်ရတယ်။

အဲဒီမှာ နန်းအဲဟွာက

"ဒီရတနာတွေက ရဟန္တာ၃၃ဆူရဲ့ ကိုယ်အလေးချိန်နဲ့ ညီမျှတဲ့ ရတနာတွေပဲ ဖြစ်တယ် နောက်ဆုံး ကျန်တဲ့ နေရာကတော့ ဇရပူရမြို့သူ မြို့သားတွေရဲ့ ရတနာ ပစ္စည်းတွေကို ထားဖို့ ရည်စူးပြီး ပြုလုပ်ထားခဲ့ကြတာ ကွန်ပရဲတီးမြို့သားတွေ လှူတဲ့ ရတနာပစ္စည်းတွေက ရဟန္တာ၃၂ပါးစာပဲ ရှိတဲ့ အတွက် ကျန်တဲ့ ရဟန္တာတစ်ပါး အတွက် ရတနာပစ္စည်းတွေကို ဇရပူရမြို့သူ မြို့သားတွေ လှူဒါန်းဖို့ စီစဉ်ခဲ့ကြတယ်။